## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
ပဉ္စမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၀၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**စောယုားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ၁၀ – ၅ – ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယုားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အစည်းအဝေးတက်ရောက်ရန်။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရန်ကုန် Investment Forum တက်ရောက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အားကစားပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်ရန်။ ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ တရားရုံးသက်သေထွက်ဆိုရန်။ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေး တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၂၈)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၃၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းသည့် မေးခွန်းများသည် ပညာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**အခြေခံပညာကျောင်းများတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား သင်ကြားမည့် ဆရာ/ ဆရာမများ၏ စာသင်ချိန် (၁)နာရီသင်ကြားမှုအတွက် တစ်လ(၃၀၀၀၀)ကျပ် ဖြစ်၍ တစ်ရက်လျှင် (၁၀၀၀)ကျပ်သည် ခေတ်ကာလ ငွေတန်ဖိုးအရ မသင့်လျော်ပါသဖြင့် သင့်လျော်ရာနှုန်းထားသို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး က အခြေခံပညာကျောင်းများတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား သင်ကြားမည့် ဆရာ/ ဆရာမများ၏ စာသင်ချိန် (၁)နာရီသင်ကြားမှုအတွက် တစ်လ(၃၀၀၀၀)ကျပ် ဖြစ်၍ တစ်ရက်လျှင် (၁၀၀၀)ကျပ်သည် ခေတ်ကာလ ငွေတန်ဖိုးအရ မသင့်လျော်ပါသဖြင့် သင့်လျော်ရာ နှုန်းထားသို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၀။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာသင်ကြားရေးဆိုင်ရာ နေ့တွက်နှုန်းထားခအတွက် ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့ မေးခွန်းအတိုင်း မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးနဲ့ ဖွဲ့တဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ အဲဒီ တိုင်းရင်းသားများဟာ ရှေးပဝေသဏီ ဘိုးဘွားများလက်ထက်ကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဘဲနဲ့ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပါတယ်။ တိုင်းရင်းသားများရဲ့ အရေးဟာ မြန်မာနိုင်ငံတော်ရဲ့အရေး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးမျိုးသော နိုင်ငံရေးအပြောင်းအလဲများကြောင့် နယ်မြေဒေသ ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသတို့မှာ ဆင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်ခဲ့ရတဲ့ တိုင်းရင်းသားများဟာ စာပေ၊ ဘာသာစကား၊ အရေး၊ အဖတ်၊ အပြော၊ သင်ကြားခြင်းအတွက် များစွာခက်ခဲကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခြေအနေမှာ တိုင်းရင်းသားများအတွက် အသိပညာ တိုးပွားရေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်နေရတဲ့ အချိန်လည်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ တိုင်းရင်းသားများအားလုံး ပါဝင်တဲ့၊ တစ်နိုင်ငံလုံးအတွက် ပညာရေးကို ဦးစားပေးလုပ်ဆောင်တဲ့ ကာလလည်းဖြစ်ပါတယ်။ ပညာရေးဘတ်ဂျက်များကိုလည်း ဦးစားပေးနေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ အသိပညာ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်မှာ အဓိက အရေးကြီးတဲ့ ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် လျင်မြန်စွာ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တိုင်းရင်းသားဘာသာစကား အရေး၊ အဖတ်၊ အပြော သင်ကြားဖို့ တာဝန်ပေးခံရတဲ့ ဆရာ၊ ဆရာမများ Language Teacher များကို တစ်ရက်လျှင် စာသင်ချိန် (၁)နာရီ သင်ကြားမှုအတွက် နေ့တွက်(၁၀၀၀)ကျပ်နှုန်းဖြင့် တစ်လ (၃၀၀၀၀)ကျပ် ခံစားခွင့်ပြုခြင်းဟာ မသင့်လျော်ဘူးလို့ ယူဆပါတယ်။ ILO ဥပဒေနဲ့လည်းပဲ မညီညွတ်ဘူးလို့ ကျွန်တော်တို့ တွေ့ရပါတယ်။ အလုပ်ကြမ်းသမားစာရင်းမှာလည်းပဲ ထည့်သွင်းစဉ်းစားဖို့ လိုမယ် မထင်ပါဘူး။ ပညာသင်စာရင်းမှာ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ စေတနာ၊ ဝါသနာ၊ အနစ်နာခံသူ ဆရာ၊ ဆရာမများ ဖြစ်ကြပါတယ်။ သင်ကြားချိန်(၁)နာရီကို အကြောင်းပြု၍ လုပ်အားခတွက်ချက်ရန် မလိုဘဲနဲ့ သင်ကြားသည့် တာဝန်ပိုင်းကို ဦးစားပေးပြီးတော့ တွက်ချက်ဖို့ သင့်လျော်ပါတယ်။ ခေတ်ကာလ ငွေတန်ဖိုးအရ ငွေ(၁၀၀၀)ကျပ်ဟာ လက်တွေ့သုံးစွဲတဲ့နေရာမှာ အဆင်မပြေပါဘူး။ ပညာရှင်တစ်ဦးအပေါ်မှာ လျော့နည်းတဲ့ တန်ဖိုးသတ်မှတ်ချက်ဟာ ၎င်းရဲ့ ဂုဏ်သိက္ခာကိုလည်းပဲ ထိခိုက်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားတစ်ဦးလျှင် တရားဝင် သတ်မှတ်ထားတဲ့ နေ့စားခနှုန်းထားဟာ (၄၈၀၀)ကျပ် ဖြစ်ပါတယ်။ အဲဒါကြောင့် စာသင်ချိန်(၁)နာရီဟု ဆိုသော်လည်းပဲ သင်ကြားမည့် တိုင်းရင်းသားဘာသာစကား အရေး၊ အဖတ်၊ အပြော၊ ဘာသာရပ်

များအတွက် သင်ကြားမည့် ဆရာ၊ ဆရာမများဟာ ကြိုတင်ပြင်ဆင်ရတာတွေ၊ အချိန်စောလာတာတွေ၊ ကလေးများနားလည်နိုင်မည့် နည်းလမ်းများ၊ စဉ်းစားတွေးခေါ်ခဲ့တာတွေကို (၁)နာရီ သင်ကြားဖို့အတွက် ပညာပိုင်းဆိုင်ရာတွေမှာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရပါတယ်။ ကလေးများရဲ့ ဆရာဖြစ်လို့ တိုင်းပြည်ရဲ့ အနာဂတ်တစ်ခုလုံးကို ထမ်းဆောင်ရတဲ့ တာဝန်ရှိသူတွေများလည်း ဖြစ်ကြပါတယ်။

ဒီအခြေအနေများကို ငဲ့ညှာပြီးတော့ နိုင်ငံတော်မှ ထည့်သွင်းစဉ်းစားပေးဖို့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ တရားဝင်သတ်မှတ်ထားတဲ့ အလုပ်သမားတစ်ဦးအတွက် နေ့စား လုပ်အားခ (၄၈၀၀)ကျပ်နှုန်းဖြစ်စေ၊ အခြားသင့်လျော်တဲ့ နှုန်းထားဖြစ်စေ၊ ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားများအတွက် ဘာသာစကား၊ အရေး၊ အဖတ်၊ အပြော၊ ဘာသာရပ် သင်ကြားတဲ့ ဆရာ၊ ဆရာမများအပေါ်မှာ ပျော်ရွှင်စွာသင်ကြားနိုင်ရေးအတွက် အလေးထား စဉ်းစား သင့်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**KG+12 စနစ် ပညာရေး အောင်မြင်နိုင်ရေးအတွက် KG စာသင်ခန်းများ အဆင့်မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ အလုံအလောက် ထောက်ပံ့ခြင်း၊ ဆရာ/ဆရာမများအား လုံလောက်သော သင်တန်းများနှင့် အခွင့်အလမ်းများ ပေးအပ်ခြင်းနှင့် မိဘ၊ ဆရာ/ဆရာမများအား လက်ရှိအခြေအနေထက် ပိုမိုပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ကျောင်းတိုင်းတွင် ပညာရေးဆွေးနွေးပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး က KG+12 စနစ် ပညာရေးအောင်မြင်နိုင်ရေးအတွက် KG စာသင်ခန်းများ အဆင့်မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ အလုံအလောက် ထောက်ပံ့ခြင်း၊ ဆရာ/ဆရာမများအား လုံလောက်သော သင်တန်းများနှင့် အခွင့်အလမ်းများပေးအပ်ခြင်းနှင့် မိဘ၊ ဆရာ/ဆရာမများအား လက်ရှိ အခြေအနေထက် ပိုမိုပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ကျောင်းတိုင်းတွင် ပညာရေး ဆွေးနွေးပွဲများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး အပါအဝင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး မိန့်သွားတဲ့အတိုင်း KG+12 ပညာရေးစနစ်နဲ့ ပတ်သက်တဲ့ သိလိုတဲ့ မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုတွေထဲက ပညာရေးပြုပြင်ပြောင်းလဲခြင်း၊ အမျိုးသားပညာရေးစီမံကိန်း၊ မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ ကို အကောင်အထည်ဖော်ခဲ့ခြင်းဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။ အရပ်ခေါ် KG+12 ပညာရေးစနစ်လို့ခေါ်ပါတယ်။ နိုင်ငံရဲ့ အလိုအပ်ဆုံးအရာကို စတင်ပြောင်းလဲနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီပညာရေးစနစ်ကို ၂၀၁၆ ခုနှစ်တွင် KG တန်းမှ စတင်ခဲ့ရာ ဒီနှစ်မှာဆိုရင် Grade-3 နဲ့ Grade-6 ကို စတင်နိုင်ရန်အတွက် အခြေခံပညာဆရာ၊ ဆရာမများဟာ သင်တန်းအသီးသီးမှာ တက်ရောက်သင်ယူနေကြပြီ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်မှာ အခြေခံပညာတန်း အားလုံးကို စနစ်သစ်ပညာရေးအဖြစ် ပြောင်းလဲနိုင်တော့မှာဖြစ်ပါတယ်။ KG+12 ပညာရေးစနစ်ဟာ စနစ်ဟောင်းပညာရေးနဲ့ များစွာ ခြားနားထားပါတယ်။ ဒီစနစ်ကို အောင်မြင်အောင် ကြိုးစားနိုင်ပါက ကလေးများအတွက် အမှန်တကယ်လိုအပ်နေတဲ့ ဗလငါးတန် ဖွံ့ဖြိုးမှုအပြင် ဖြန့်ကြက်တွေးခေါ်ခြင်း၊ တီထွင်ကြံဆခြင်း၊ စုပေါင်းလုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံသားကောင်းပီသခြင်း စသည့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအတွက် ပညာရေးဌာနဟာ ပညာရေးဘတ်ဂျက်ကို (၂)ရာခိုင်နှုန်းကနေ ပြီးတော့မှ (၇)ရာခိုင်နှုန်းအထိ တိုးယူသုံးစွဲခဲ့တယ်လို့လည်း ကျွန်တော်တို့ သိရပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်တို့ လိုအပ်ချက်တွေဟာ ရှိနေဆဲပဲဖြစ်ပါတယ်။ ဆရာ၊ ဆရာမ အင်အားကိုလည်း အဆက်မပြတ်ဖြည့်နေစဉ်ကပင် ယနေ့အချိန်အထိ ဆရာ၊ ဆရာမ အင်အား (၅၀၀၀၀)ကျော်လောက် လိုနေသေးပါတယ်။ အခြေခံလိုအပ်ချက်များနှင့် ကျောင်းစာကြည့်တိုက်များကိုပင် ကျွန်တော်တို့က ဖြည့်ဆည်းပေးဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ မူလတန်းကျောင်းပေါင်း (၂၆၀၀၀)ကျော်မှာ ကျောင်းစာကြည့်တိုက်(၂၁)ရာခိုင်နှုန်း၊ အလယ်တန်းကျောင်း (၁၅၀၀၀)ကျော်မှာ ကျောင်းစာကြည့်တိုက် (၂၂)ရာခိုင်နှုန်း၊ အထက်တန်းကျောင်း (၄၅၀၀)ကျော်မှာ ကျောင်းစာကြည့်တိုက် (၆၄)ရာခိုင်နှုန်းနဲ့ သိပ္ပံခန်း (၃၂)ရာခိုင်နှုန်းလောက်သာ ဖြည့်ဆည်းပေးနိုင်ပါသေးတယ်။

ဒါဟာ သိပ္ပံခန်းလိုအပ်ချက်မှာ ကျောင်းပေါင်း(၃၀၀၀)ကျော်မှာ သိပ္ပံခန်းနဲ့ သင်ထောက်ကူပစ္စည်းများ လိုအပ်နေတာကို ဖော်ပြနေတာဖြစ်ပါတယ်။ စနစ်သစ်ပညာရေးတွင် ဆရာအင်အား၊ သင်ထောက်ကူအင်အား စတဲ့အခြေခံလိုအပ်ချက်တွေကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှ ထိရောက်အောင်မြင်တဲ့စနစ်မျိုး ဖြစ်မှာဖြစ်ပါတယ်။ ပူပူနွေးနွေး သင်တန်းဆင်းလာတဲ့ ဆရာတွေဟာ သင်တန်းကာလ ပညာရေးအပြောင်းအလဲမှာ အားတက်သရောရှိခဲ့ကြသော်လည်း မိမိကျောင်း ပြန်ရောက်တဲ့အခါမှာ ဆရာအင်အား၊ သင်ထောက်ကူပစ္စည်း အခက်အခဲ၊ ရေ၊ မီး၊

လျှပ်စစ် စတဲ့အခြေခံလိုအပ်ချက်တွေအပြင် အကူးအပြောင်းကာလရဲ့ အခက်အခဲတွေကိုပါ ရင်ဆိုင်ရတဲ့အတွက် စနစ်သစ်ပညာရေးကို စိုးရိမ်လျက်ရှိပါတယ်။

စနစ်သစ်ပညာရေးအကူးအပြောင်းဟာ ကျွန်တော်တို့ စံပြကျောင်းများတွင်မကဘဲနဲ့ တောရောမြို့ပါ တစ်ပြိုင်နက်တည်း တစ်နိုင်ငံလုံး သက်ရောက်ဖို့လိုပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ အခြေခံလိုအပ်ချက်တွေကြောင့် ပညာရေးစနစ် အကူးအပြောင်းမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများစွာကို ပညာရေးဝန်ထမ်းများနှင့် ပြည်သူလူထုများက စိုးရိမ်စိတ်များစွာနဲ့ သိလိုလျက်ရှိကြပါတယ်။ (၁)အချက်ကတော့ KG စာသင်ကျောင်းများ အပါအဝင် တိုးလာမည့် Grade အလိုက် စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် ယခု Grade-3 သင်ရိုးမှာဆိုရင် အင်္ဂလိပ်စာသင်ရိုးမှာ TV၊ VIDEO စတဲ့ သင်ထောက်ကူပစ္စည်းများ လိုအပ်မှာဖြစ်ပါတယ်။

(၂)အချက်ကတော့ လိုအပ်နေသော ဆရာ၊ ဆရာမအင်အား ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ (၃)အချက်ကတော့ KG+12 ကနေပြီးတော့မှ အသက်မွေးဝမ်းကျောင်းပညာနဲ့ အဆင့်မြှင့်တင်ခြင်းပညာတို့ကို ကူးပြောင်းတဲ့အခါမှာ ကူးပြောင်းပုံတို့ကို သိလိုကြပါတယ်။ (၄)အချက်ကတော့ စနစ်သစ်ပညာရေးဟာ မိဘ၊ ဆရာ၊ အစိုးရ ပြိုင်တူတွန်းမှ အမြန်ရွေ့နိုင်မှာဖြစ်တဲ့အတွက် စနစ်သစ်ပညာရေးဟာ ကောင်းကျိုးတွေကို သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုအားကောင်းလာစေရန်အတွက် ပညာရေးဆွေးနွေးပွဲများကို ကျောင်းတိုင်းမှာ အကြိမ်စိပ်စိပ်ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ စတဲ့အချက်များပါတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်(၁၃)၊ နန်းဖာလုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်(၁၄၀x၃၀)ပေ Steel Structure(၂)ထပ် အဆောင်သစ် ဆောက်လုပ်ပေးပြီး သစ္စာဆောင်ကို အန္တရာယ်ဆောင်သတ်မှတ်၍ ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်(၁၃)၊ နန်းဖာလုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၁၄၀x၃၀)ပေ Steel Structure (၂)ထပ် အဆောင်သစ် ဆောက်လုပ်ပေးပြီး သစ္စာဆောင်ကို အန္တရာယ်ဆောင်သတ်မှတ်၍ ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းကို တင်ပြပါ့မယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်(၁၃)၊ နန်းဖာလုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၇-၆-၁၉၆၈ မှာ အခြေခံပညာမူလတန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ မူလတန်းလွန်ကျောင်း၊ ၂၀၁၃ ခုနှစ်မှာ အလယ်တန်းကျောင်း(ခွဲ)၊ ၂၀၁၄ ခုနှစ်မှာ အလယ်တန်းကျောင်း၊ ၂၀၁၆ ခုနှစ်မှာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပါတယ်။ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသား (၄၇၆)ဦး၊ အလယ်တန်းအဆင့်ကျောင်းသား (၃၈၁)ဦးနဲ့ အထက်တန်းအဆင့် (၇၄)ဦး၊ စုစုပေါင်း (၉၃၁)ဦးကို လက်ခံသင်ကြားပေးနေတဲ့ကျောင်း ဖြစ်ပါတယ်။ ကျောင်းမှာ သစ္စာ၊ မေတ္တာ၊ မုဒိတာနှင့် ကရုဏာ စာသင်ဆောင်(၄)ဆောင်ရှိပြီး စာသင်ခန်း (၂၀)ကို ဖွဲ့စည်းထားပါတယ်။

ကျောင်းသားအင်အားနဲ့ စာသင်ခန်းခွဲဝေမှု မလုံလောက်လို့ ကျောင်းသားမိဘများနှင့် အလှူရှင်များက စာသင်ခန်း(၃)ခန်းပါတဲ့ ယာယီဆောင်(၁)ဆောင်ကို ဆောက်လုပ်ပေး၍ အသုံးပြုနေရပါတယ်။ စာသင်ခန်း(၇)ခန်းရှိတဲ့ သစ္စာဆောင်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်(၄၀)နီးပါးက ဆောက်လုပ်ခဲ့ပြီး အခင်းများ၊ နံရံများ၊ အမိုးများ ပျက်စီးလာနေပြီး ဆက်လက်အသုံးပြုရန် မသင့်လျော်တော့ပါ။ အန္တရာယ်ဆောင်သတ်မှတ်ပြီး အသုံးပြုခွင့် ပိတ်ပင်ခဲ့မယ်ဆိုရင်လည်း စာသင်ခန်းလုံလောက်မှုမရှိတာကြောင့် ကျောင်းသားများ၊ နံနက်၊ ညနေ(၂)သုတ် ခွဲတက်ရမယ့် အခြေအနေဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ပညာသင်နှစ်မှာ (၁၀)တန်းအောင်ချက် သုညရာခိုင်နှုန်းရရှိထားတဲ့ ကျောင်းဖြစ်တာမို့ (၂)သုတ် ခွဲတက်မယ်ဆိုရင် ကျောင်းသားများရဲ့ စာသင်ချိန် ထိခိုက်လာနိုင်တာကြောင့် ကျောင်းဆောင်အသစ် အရင်ဆောက်လုပ်ပြီးမှ အဆောင်ဟောင်းကို ဖျက်သိမ်းသင့်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။ ဒါ ဆွေးမြည့်နေတဲ့နံရံတွေ ဖြစ်ပါတယ်။ ဒါလည်း နံရံတွေ ဆွေးမြည့်နေတာပါ။ ဒါ လေမလုံ၊ မိုးမလုံ နံရံတွေပါ။ ဒါကတော့ အကာအရံမရှိတဲ့ ဝရန်တာဖြစ်ပါတယ်။ ဒါကတော့ ဆရာများရဲ့ ပြုပြင်မှုအတိုင်း ရှိနေတဲ့အခြေအနေပါ။ ဒါကတော့ စာသင်ခန်း တစ်ခန်းနဲ့ တစ်ခန်းခြားတဲ့ ပါတေးရှင်းပဲ ဖြစ်ပါတယ်။ မိုးရေတွေကြောင့် ဆွေးမြည့်နေတဲ့ သစ်သားတန်းများ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ မေးခွန်းထဲမှာ ပါတဲ့အတိုင်း ကျွန်တော်တို့ရဲ့ နန်းဖာလုံ မြို့မ(၁၃) ရပ်ကွက်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၁၄၀x၃၀)ပေ

Steel Structure (၂)ထပ် အဆောင်သစ်ဆောက်လုပ်ပေးပြီးမှ သစ္စာဆောင်ကို အန္တရာယ်ဆောင် သတ်မှတ်ပြီးတော့ ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

ဆွေးမြည့်နေသော နံရံများမြင်ကွင်းပုံ (ဈ)



စာသင်ခန်း တစ်ခုနှင့် တစ်ခုကြား နံရံ မြင်ကွင်းပုံ (ဈ-၁)



မိုးရေကြောင့် ဆွေးမြည့်နေသော သစ်သားတန်များ မြင်ကွင်းပုံ (ဈ-၂)



**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း အုတ်ကျင်းအား အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းအဖြစ် အမည်ပြောင်းလဲသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် အဆိုပါ ကျောင်းအတွက် RC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း အုတ်ကျင်းအား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် အဆိုပါကျောင်းအတွက် RC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ပညာရေးမေးခွန်းဖြစ်တဲ့ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း အုတ်ကျင်းကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မိုးညှင်းဆိုပြီးတော့ အမည်ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိနဲ့ အဲဒီ ကျောင်းမှာ လိုအပ်တဲ့ ကျောင်းဆောင်သစ် (၁၄၀ x ၃၀ x ၂၄)ပေအား RC(၂)ထပ်ကျောင်းဆောင် အဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ်မှာ အ.ထ.ကကျောင်း(၃)ကျောင်းရှိပြီး အ.ထ.က (၁)မိုးညှင်းကျောင်း ဟာဆိုလို့ရှိရင် အရှေ့စုရပ်ကွက်၌လည်းကောင်း၊ အ.ထ.က(၂) မိုးညှင်းကျောင်းဟာဆိုလို့ရှိရင် အောင်သပြေရပ်ကွက်၌လည်းကောင်း တည်ရှိပြီး ကျန်တဲ့ အ.ထ.က ကျောင်းဟာဆိုလို့ရှိရင် အုတ်ကျင်းရပ်ကွက်၌ရှိကာ အ.ထ.က အုတ်ကျင်းကျောင်းလို့ အမည်တွင်လျက်ရှိပါတယ်။ အုတ်ကျင်း ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းမှာဆိုလို့ရှိရင် အုတ်ကျင်းရပ်ကွက်ပါမယ်။ နောက် ဟဲလုံကျေးရွာ၊ ပင်ရဲလှကျေးရွာ၊ နောက် သဲကြီးကုန်းကျေးရွာ၊ အင်ကြင်းကုန်းကျေးရွာ၊ နောက် ရွှေပေါက်ကန်၊ မီးရထားဝင်း၊ စက်ကုန်းရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်တို့မှ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါကျောင်းသည် ရပ်ကွက်တစ်ခုတည်းကိုသာ အမည်တပ်ထားခြင်းအားဖြင့် ကျောင်းသားမိဘ ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များမှ

ဒီကျောင်းရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်တဲ့အခါမှာ ကျန်တဲ့ရပ်ကွက်များမှ ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းကြောင်းကိုလည်း သိရှိရပါတယ်။

ဒါကြောင့် ဒေသစွဲ၊ ကျေးရွာစွဲ၊ ရပ်ကွက်စွဲ စတဲ့ အစွဲကင်းစေဖို့အတွက် အ.ထ.က (၁) မိုးညှင်း အရှေ့စုရပ်ကွက်၊ အ.ထ.က(၂)မိုးညှင်း၊ အောင်သပြေရပ်ကွက်နည်းတူ အ.ထ.က အုတ်ကျင်းကိုလည်း အ.ထ.က(၃)မိုးညှင်းဆိုပြီး အဲဒီလို အမည်ပြောင်းလဲပေးသင့်ကြောင်း တွေ့ရှိရပါတယ်။ အဲဒါအပြင် အ.ထ.က အုတ်ကျင်းကျောင်းဟာ ၈ – ၆ – ၂၀၁၇ ရက်နေ့ မှတ်တမ်းအရ ကျောင်းအတန်းခွဲပေါင်း (၃၀)ရှိပြီးတော့မှ မူလတန်းအဆင့်မှာ ကျောင်းသားဦးရေ(၂၇၈)ဦး၊ အလယ်တန်းအဆင့်မှာ (၈၈၄)ဦး၊ အထက်တန်းအဆင့်မှာ(၄၄၉)ဦးရှိကာ စုစုပေါင်း(၁၆၅၆)ဦး ပညာသင်ကြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိကျောင်းရဲ့ရေိယာမှာ (၈.၄၈၇)ဧက ကျယ်ဝန်းကြောင်းလည်း တွေ့ရှိရပါတယ်။

အဲဒီ အ.ထ.က(၃)မိုးညှင်းကျောင်းအဖြစ် အမည်ပြောင်းလိုတဲ့ အ.ထ.က အုတ်ကျင်းကျောင်းဟာဆိုရင် ၁ – ၂ – ၁၉၅၉ က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၁ – ၉ – ၂၀၁၁ မှာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ လက်ရှိကျောင်းဆောင် (၆)ဆောင်ရှိပြီး တစ်ထပ်ဆောင် (၃)ဆောင်တွင် (၂)ခန်းတွဲ (၁)ဆောင်၊ (၅)ခန်းတွဲ (၁)ဆောင်ရှိပါတယ်။ (၂)ထပ်ဆောင် (၃)ဆောင်တွင် (၃)ခန်းတွဲ (၂)ဆောင်၊ (၅)ခန်းတွဲ (၁)ဆောင် အပါအဝင် Hall ခန်းတစ်ခုလည်းရှိပါတယ်။ အဲဒီကျောင်းရဲ့ ပင်မဆောင်ဖြစ်တဲ့ (၅)ခန်းတွဲ (၂)ထပ်ဆောင်ဟာ လွန်ခဲ့တဲ့ ၁၉၆၅ ခုနှစ်ကစတင်ပြီး လူထုရပ်မိရပ်ဖများ ပူးပေါင်းပြီး ဆောက်ထားတဲ့ကျောင်းမို့ ကြံ့ခိုင်မှုအားနည်းခြင်း၊ ကျောင်းသားမိဘများ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည့် ကျောင်းဆောင်ဖြစ်သည့်အားလျော်စွာ စံချိန်စံညွှန်းနဲ့ ကိုက်ညီခြင်းမရှိတဲ့အတွက်ကြောင့် ကျောင်းသားနှင့် ကျောင်းဆောင်ဝင်ဆံ့မှု အားနည်းကြောင်းတွေ့ရှိရပါတယ်။

လက်ရှိ ကျောင်းသားဦးရေနဲ့စာသင်ခန်းများ လုံလောက်မှုမရှိ၍ တစ်ခါတစ်ရံမှာ Hall ခန်းမကြီးကိုလည်း စာသင်ခန်းအဖြစ် အသုံးပြုနေရတဲ့အပြင် စာကြည့်တိုက်၊ သိပ္ပံခန်းတို့ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီမိုးညှင်းမြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်း၊ အုတ်ကျင်းကျောင်းကို အ.ထ.က(၃) မိုးညှင်းအဖြစ်သို့လည်းကောင်း၊ နောက် အ.ထ.က အုတ်ကျင်းကျောင်းအတွက် မဖြစ်မနေလိုအပ်လျက်ရှိတဲ့ (၂)ထပ်ကျောင်းဆောင်ကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အနှံ့ရာယ်ရှိ ကျောင်းဆောင် အဆောင်(၂)အား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင် အဆောင်(၂)အား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင် (၁၂၀x၃၀x၁၂)ပေ အုတ်ညှပ်တစ်ထပ်ဆောင်ဟာ ၁၁-၆-၂၀၁၈ ရက်နေ့၊ နေ့လယ်(၂:၀၀)နာရီအချိန်တွင် ပြင်းထန်စွာ တိုက်ခတ်သော လေမုန်တိုင်းဒဏ်ကြောင့် ကျောင်းဆောင်ရဲ့ အနောက်ဘက်အခန်း(၃)ခန်းမှာ ပြိုကျပျက်စီးသွားသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (RE)တွင်လည်းကောင်း၊ မဖြစ်နိုင်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်(၁၄၀ x ၃၀)ပေ Steel Structure (၂)ထပ်ဖြင့် အသစ်ပြန်လည် ဆောက်လုပ်ပေးရန်နဲ့ ရန်ပုံငွေခွဲဝေပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၅၉)ဦး ရှိသောကျောင်း ဖြစ်ပါတယ်။ ကျောင်းဆောင်အနေနဲ့ အဆောင်(၁) (၁၀၀x၃၀)ပေ အုတ်ညှပ် (၂)ထပ်၊ အဆောင်(၂)(၁၂၀x၃၀)ပေ အုတ်ညှပ်၊ အဆောင်(၃) (၉၀x၃၀)ပေ အုတ်ညှပ်ဟူ၍ (၃)ဆောင်ရှိပြီး ၁၁-၆-၂၀၁၈ ရက်နေ့၊ နေ့လယ်ပိုင်း (၂:၀၀)နာရီအချိန်တွင် ပြင်းထန်စွာတိုက်ခတ်သော လေမုန်တိုင်း ဒဏ်ကြောင့် အဆောင်(၂)မှာ အမိုးအကာ ပြိုလဲပျက်စီးသွားပါတယ်။ ၎င်းကျောင်းဆောင်ဟာ ပညာရေး ဌာန ထောက်ပံ့ငွေ ကျပ်သိန်း(၉၀)ဖြင့် လူထုမိဘနှင့်ပူးပေါင်း၍ ၁၀ - ၂ - ၁၉၉၂ ရက်နေ့တွင် ဆောက်လုပ် ပြီးစီးခဲ့သော ကျောင်းဖြစ်ပါတယ်။ အဲဒီလို ပြိုလဲပျက်စီးခဲ့တဲ့အတွက် ၎င်းကျောင်းဆောင်တွင် တက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသားများကို ကျောင်းဆောင်(၁)နှင့် ကျောင်းဆောင်(၃)တွင်

ပြည့်ကြပ်စွာ နေရာချပေးထားပြီး နေရာမလောက်သည့်အတွက် ကျောင်းသား၊ ကျောင်းသူ အချို့ကို ပုဂ္ဂလိက အိမ်ခန်းကို ငှားရမ်း၍ နေရာချထားပေးရပါတယ်။

ဤကျောင်းဆောင်ဟာ ဒေသသစ်မာဖြင့် ကျွမ်းကျင်သူ အင်ဂျင်နီယာမပါဘဲ ဒေသခံ ပန်းရန်များ၊ ဒေသခံလက်သမားများဖြင့် ဆောက်လုပ်ထားခြင်း၊ သုံးစွဲသော သစ်သားများဟာ ပျဉ်းကတိုး သစ်မာများမသုံးဘဲ ဒေသထွက်သစ်မာများကိုသာ သုံးစွဲ၍ ခိုင်ခံ့မှုမရှိ၊ တိုင်၊ ပြတင်း ပေါက်များဟာလည်း ယိုယွင်းဆွေးမြည့်ပျက်စီးနေသည့်အတွက် ဆက်လက်အသုံးပြုရန် မသင့်တော်ပါ။ ပညာရေးဌာနမှ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ထားသော ကျောင်းဆောင်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ (၁၄၀ x ၃၀)ပေ Steel Structure ဖြင့် အသစ်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (RE)တွင်လည်းကောင်း၊ မဖြစ်နိုင်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၉။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေဟု ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များရဲ့ မေးခွန်းများကို ပြန်လည်ရှင်းလင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ပထမဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနဲ့အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာစာဟာ ရုံးသုံးဘာသာစကားဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာဘာသာစကားနဲ့

ပြဋ္ဌာန်းထားတဲ့ ကျောင်းသင်ခန်းစာတွေကို လွယ်ကူစွာ သင်ကြားသင်ယူမှု ပြုနိုင်ဖို့အတွက် တိုင်းရင်းသားများရဲ့ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တိုင်းရင်းသားဘာသာစာပေ သင်ကြားဖို့အတွက် သက်ဆိုင်ရာ စာပေနဲ့ ယဉ်ကျေးမှု အဖွဲ့တွေက တင်ပြလာမှုအပေါ်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူ ခွင့်ပြုချက်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနကနေပြီးတော့မှ တိုင်းရင်းသားကလေးငယ်များအတွက် ကျောင်းသုံးဖတ်စာအုပ်များနဲ့ ပညာသင်ယူမှု ရရှိဖို့အတွက် ထောက်ပံ့ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် တိုင်းရင်းသားစာပေ တိုးချဲ့သင်ကြားဖို့နဲ့စပ်လျဉ်းပြီး အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ အခြေခံပညာကျောင်းတွေမှာ ဘာသာစကားသင်ကြားပို့ချတဲ့ ဆရာ၊ ဆရာမတွေကို လုပ်အားခတွေ ချီးမြှင့်ပေးလျက်ရှိပါတယ်။ တိုင်းရင်းသားကလေးငယ်တွေရဲ့ သင်ယူတတ်မြောက်မှု ရလဒ်ကောင်းတွေ တိုးတက်ဖြစ်ထွန်းလာစေဖို့အတွက် ရည်ရွယ်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ တိုင်းရင်းသားဘာသာစာပေနှင့် သင်ကြားရေးအထောက်အကူပြု သင်ကြားရေးအကူ ဆရာ၊ ဆရာမ Teaching Assistant အဖြစ် (၉)တန်းအထက်အောင်မြင်တဲ့ နေ့စားလစာပေး စုစုပေါင်း(၅၁၆၁)ဦးကို ခန့်ထားပေးလျက်ရှိပါတယ်။ ဒေသခံတိုင်းရင်းသားဘာသာစကား၊ စာပေတတ်ကျွမ်းတဲ့ Teaching Assistant ဆရာ၊ ဆရာမ တွေကို ခန့်ထားပေးခြင်းဖြင့် ဒေသခံလူငယ်တွေမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမို ရရှိစေတာဖြစ်ပါတယ်။ အဲဒီထဲက တချို့ ဘွဲ့ရတဲ့ Teaching Assistant တွေဟာဆိုရင် အခုဆိုရင် မူလတန်းပြ ဆရာ၊ ဆရာမအဖြစ် ခန့်ထားပေးဖို့အတွက် ဒီသင်တန်းတွေကို ဆက်လက်ပြီးတော့ တက်ရောက်လျက်ရှိတယ်ဆိုတာလေးကို လေးစားစွာ တင်ပြအပ်ပါတယ်။

တိုင်းရင်းသားဘာသာစာပေ သင်ကြားပို့ချတဲ့ ပြင်ပက ဆရာ၊ ဆရာမ တွေကိုတော့ တစ်လလျှင် (၃၀၀၀၀)ကျပ် ချီးမြှင့်ပေးလျက်ရှိပါတယ်။ သတ်မှတ်အရည်အချင်းနဲ့ ညီညွတ်ရင် (၃၀၀၀၀)ကျပ်ဖြင့် ခန့်ထားတဲ့ ဆရာ၊ ဆရာမတွေအနက်က Teaching Assistant နေ့စား လစာပေးအဖြစ် ခန့်ထားပေးဖို့အတွက်ကိုလည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ လုပ်အားခအဖြစ် တစ်လလျှင် (၃၀၀၀၀)ကျပ်နှုန်းနဲ့ ဆရာ၊ ဆရာမ (၂၃၈၄၆)ဦးအတွက် လုပ်အားခအဖြစ်

ကျပ်(၅၇၂၃.၀၄)သန်းကို ခွင့်ပြုရန်ပံ့ငွေကနေပြီးတော့မှ ကျခံအသုံးပြုလျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

တိုင်းရင်းသားဘာသာစာပေ သင်ကြားတဲ့ ဆရာ၊ ဆရာမတွေရဲ့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားချိန်ဟာ (၁)ရက်ကို (၁)နာရီဖြစ်ပါတယ်။ ကျောင်းတက်ရက် (၅)ရက်အတွက် (၅)နာရီ၊ (၁)လလျှင် သင်ကြားချိန်(၂၀)နာရီဖြစ်တဲ့အတွက် (၁)နာရီအတွက် လုပ်အားခကတော့ (၁၅၀၀)ကျပ်နှုန်း ထောက်ပံ့ကြေး ချီးမြှင့်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိမှာတော့ ပညာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေရရှိမှုအခြေအနေအရ တိုင်းရင်းသား ဘာသာစာပေသင်ကြားတဲ့ ဆရာ၊ ဆရာမတွေဟာ ပေးအပ်တဲ့ ချီးမြှင့်ငွေကိုတော့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်မရှိသော်လည်း Teaching Assistant တွေ ပိုမိုခန့်ထားပေးနိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ၏ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒနှင့် မျှော်မှန်းရလဒ်တွေကတော့ မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူ မရှိစေရေး၊ တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး တီထွင်ဆန်းသစ် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ တစ်သက်တာ သင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးနိုင်ရေးဆိုပြီး NESP မှ ဖော်ပြထားတဲ့အတိုင်း ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် Manifesto မှာဖော်ပြထားတဲ့ ဦးစားပေးလုပ်ငန်း(၁၂)ရပ်ကို ဦးစားပေး ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သူငယ်တန်း + (၁၂)တန်း ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေတဲ့ကာလ ဖြစ်ပါတယ်။ အဲဒီကာလမှာ ပညာရေးစနစ် ဟောင်းဖြစ်တဲ့ (၁၁)တန်းပညာရေးကနေ သူငယ်တန်း + (၁၂)တန်းပညာရေးကို ပုံပါအတိုင်း ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ၂၀၁၆–၂၀၁၇ ခုနှစ်မှာ KG ၊ ၂၀၁၇–၂၀၁၈ ခုနှစ်မှာ ပထမတန်း (Grade –1)၊ ကျောင်းသုံးဖတ်စာအုပ်နဲ့ ဆရာကိုင်စာအုပ်များကို ပြုစုပြီးတော့မှ သင်ကြား သင်ယူပို့ချပေးလျက်ရှိသလို ပြီးခဲ့တဲ့နှစ် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှာ ဒုတိယတန်း ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဆရာကိုင်စာအုပ်တွေကို အသုံးပြုလျက်ရှိပါတယ်။ ယခု ပညာသင်နှစ် ၂၀၁၉ – ၂၀၂၀ မှာ Grade–3 နဲ့ Grade–6 ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဆရာကိုင်စာအုပ်တွေနဲ့ သင်ထောက်ကူပစ္စည်းတွေကို သင်ကြားသင်ယူမှု နည်းလမ်းတွေအတွက် ကျွန်တော်တို့ သင်တန်းပေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်နှစ် ၂၀၂၀–၂၀၂၁ ပညာသင်နှစ်မှာ မူလတန်း အတန်းတစ်တန်းဖြစ်တဲ့ စတုတ္ထတန်း (Grade–4)၊ အလယ်တန်း တစ်တန်းဖြစ်တဲ့ သတ္တမတန်း (Grade–7)၊ အထက်တန်း တစ်တန်းဖြစ်တဲ့ ဒသမတန်း (Grade–10) ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဆရာကိုင်စာအုပ်တွေကို ပြုစုရေးဆွဲလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်မှာတော့ မူလတန်း တစ်တန်းဖြစ်တဲ့ ပဉ္စမတန်း (Grade–5)၊ အလယ်တန်း တစ်တန်းဖြစ်တဲ့ အဋ္ဌမတန်း(Grade–8)၊ အထက်တန်း တစ်တန်းဖြစ်တဲ့ ကေဒသမတန်း ကျွန်တော်တို့ (Grade–11)၊ ၂၀၂၂–၂၀၂၃ ပညာသင် နှစ်မှာတော့ အလယ်တန်း တစ်တန်းဖြစ်တဲ့ နဝမတန်း (Grade–9)၊ အထက်တန်း တစ်တန်းဖြစ်တဲ့ ဒွာဒသမတန်း (Grade–12)၊ ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဆရာကိုင်စာအုပ်တွေကို အသုံးပြုပြီးသင်ကြားနိုင်ဖို့ အတွက်ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ သူငယ်တန်း + (၁၂)တန်း အခြေခံ ပညာရေးစနစ်ကို ကူးပြောင်းတဲ့ သတ်မှတ်ချက်ထဲမှာ အတန်းအခေါ်အဝေါ် စနစ်အဟောင်းမှာ မြန်မာလိုခေါ်တာ သူငယ်တန်းသည် (Grade–1) ဖြစ်ပါတယ်။ အဲဒီကနေ ဒသမတန်းသည် (Grade–11) ဆိုပြီးတော့ သတ်မှတ်ထားပါတယ်။ အတန်းခေါ်ဝေါ်တဲ့ စနစ်အသစ်မှာတော့ သူငယ်တန်းသည် Kindergarten ဖြစ်ပြီး ပထမတန်းသည် Grade –1၊ ဒွာဒသမတန်းသည် (Grade–12) ဆိုပြီးတော့ အတန်းခေါ် မြန်မာလိုနဲ့ အင်္ဂလိပ်လို ခေါ်ဝေါ်ချက်သည် တူညီကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အခုဘောင်အမည်း သတ်မှတ်ထားတဲ့ အတန်းတွေကတော့ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဆရာကိုင်စာအုပ်တွေ သင်ထောက်ကူပစ္စည်းတွေကို အသုံးပြုသင်ကြား စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံးမှာ အစိုးရကျောင်းပေါင်း (၄၇၀၀၅)ကျောင်းရှိပြီး အစိုးရဆရာ၊ ဆရာမ (၄၀၄၄၄၄)ဦးနဲ့ ကျောင်းသား၊ ကျောင်းသူ (၉.၁၄) သန်းရှိပြီး ပုဂ္ဂလိကကျောင်းနှင့် တခြားကျောင်းများအပါအဝင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၉.၇)သန်းရှိကြောင်း တင်ပြအပ်ပါတယ်။

အခု လက်ရှိပညာရေးစနစ်မှာ တိုးတက်လာတဲ့ အလယ်တန်း၊ အထက်တန်းကျောင်းတွေ အပြင် KG တစ်တန်းအရ လိုအပ်တဲ့ မူလတန်းပြ ဆရာ၊ ဆရာမ ဦးရေသည် ဖော်ပြပါအတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ မူလတန်းပြ ဆရာ၊ ဆရာမ ဦးရေ စုစုပေါင်း (၅၀၈၂၀)ဦး၊ ၂၀၂၂–၂၀၂၃ မတိုင်မီအထိ လိုအပ်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အလယ်တန်းပြ ဆရာ၊ ဆရာမကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ကျောင်းဦးရေ စုစုပေါင်း (၁၀၉၉၇)ကျောင်းမှာ အလယ်တန်းပြ ဆရာ၊ ဆရာမဦးရေ (၂၄၀၃၈)ဦး လိုအပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်တန်းပြ ဆရာ၊ ဆရာမအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ကျောင်းဦးရေ စုစုပေါင်း (၃၆၈၀)ကျောင်းမှာ အထက်တန်းပြဆရာ၊ ဆရာမဦးရေ (၁၃၀၇၆)ဦး လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီ လိုအပ်နေတဲ့ ဆရာ၊ ဆရာမတွေကိုတော့ သူ့ရဲ့လိုအပ်ချက်အရ နှစ်စဉ် ပညာသင်နှစ်တွေမှာ ခန့်ထားနိုင်ဖို့အတွက်ကို ခွင့်ပြုချက်ရရှိဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ တိုးတက်များပြားလာတဲ့ ကျောင်းသားဦးရေရဲ့ KG + 12 ပညာရေး စနစ်သစ်အရ စာသင်ဆောင်ဦးရေ လိုအပ်ချက်ကလည်းပဲ KG အတွက် စုစုပေါင်း (၂၃၂၃၄)ဆောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အသီးသီးမှာလည်း တိုးတက်လာတဲ့ ကျောင်းသား ဦးရေအရ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ (၂၂၇၅၉)ကျောင်းဆောင် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ လိုအပ်လျက်ရှိတဲ့ စာသင်ဆောင်ဦးရေဟာ(၆၀ X ၃၀)ပေအရ (၄၅၉၉၃)ဆောင် လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းမှာလိုအပ်နေတဲ့ ကျောင်းဆောင်တွေ၊ အန္တရာယ်ရှိ ကျောင်းဆောင်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နှစ်စဉ် ခွင့်ပြုဘဏ္ဍာငွေအရ ကျွန်တော်တို့ အဆိုပြု တင်ပြလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ စာသင်ခန်း လုံလောက်စွာ ဖြည့်ဆည်းနိုင်ခြင်း မရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်ကစပြီး ကျောင်းအချို့ကို (၂)ချိန်ကျောင်းများအဖြစ် စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလိုပဲ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ အစိုးရကျောင်း (၄၇၀၀၅)ကျောင်းမှာ စာကြည့်တိုက်လိုနေတဲ့ အခြေအနေ၊ သိပ္ပံခန်းလိုနေတဲ့ အခြေအနေ၊ ကွန်ပျူတာခန်းလိုနေတဲ့ အခြေအနေ၊ သန့်စင်ခန်းလိုနေတဲ့ အခြေအနေ၊ သောက်ရေသုံးရေလိုနေတဲ့ အခြေအနေနဲ့ စာရေးခုံ လိုအပ်ချက်တွေကိုလည်းပဲ တစ်ကျောင်းချင်းစီအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တွက်ချက်ထားပြီးတော့မှ ဖြည့်ဆည်းပေးနိုင်ဖို့အတွက်ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ ပထမတန်းနဲ့ ဒုတိယတန်းမှာ ကျောင်းသုံးဖတ်စာအုပ်အသစ်တွေကို အသုံးပြု သင်ကြားသင်ယူတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ကျွန်တော်တို့ လှည့်လည်ကြည့်ရှု အားပေးနေတာ ဖြစ်ပါတယ်။ ဘယ်ဘက်ထိပ်က ပုံကတော့ ကျွန်တော်တို့ မနှစ်က ရန်ကုန်တိုင်းဒေသကြီးမှာ ကျောင်းမဖွင့်ခင် ကျောင်းဖွင့်တဲ့အခါမှာ စီစဉ်ဆောင်ရွက်ဖို့အတွက် ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနဲ့ တွေ့ဆုံတဲ့အပြင် ညာဘက်ထိပ်ကပုံကတော့ နေပြည်တော်မှာ ကျွန်တော်တို့ ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပြီးတော့ အောက်က(၂)ပုံကတော့ ကျောင်းစာကြည့်တိုက်တွေကို ကျွန်တော်တို့အနေနဲ့ Pilot Project အနေနဲ့ တိုးချဲ့ပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ယခုလိုမျိုး သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုတွေကို JICA-CREATE, ADB, EU တို့ရဲ့အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း မူလတန်းပညာရေး သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုအတွက် JICA ရဲ့ အကူအညီနဲ့ လည်းကောင်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲဖို့အတွက် ADB ရဲ့

ချေးငွေ၊ နည်းပညာအကူအညီနဲ့လည်းကောင်း၊ EU ရဲ့အကူအညီနဲ့လည်းကောင်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဒါကတော့ တတိယတန်းကျောင်းသုံး ဖတ်စာအုပ်အသစ်တွေ ဖြစ်ပါတယ်။ ဒါကတော့ Grade–6 ကျောင်းသုံး ဖတ်စာအုပ်အသစ်တွေ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မူလတန်းပညာရေးမှာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသုံးဖတ်စာအုပ်တွေ၊ ဆရာကိုင် စာအုပ်အသစ်တွေနဲ့ အလယ်တန်းမှာ ဆဋ္ဌမတန်း Grade–6 ကျောင်းသုံးဖတ်စာအုပ်အသစ်တွေ၊ ဆရာကိုင်စာအုပ်အသစ်တွေဟာ သင်ရိုးညွှန်းတမ်း အဟောင်းမှ အကြောင်းအရာ(၈၀)ရာခိုင်နှုန်း၊ သင်ရိုးညွှန်းတမ်းအသစ်မှ အကြောင်းအရာ (၂၀)ရာခိုင်နှုန်းကို သင်ကြားသင်ယူမှုနည်းလမ်းအသစ်ဖြစ်တဲ့ Child Centered Approach, Learner Centered Method နဲ့ သင်ကြားပို့ချနိုင်ဖို့အတွက် ဆရာ၊ ဆရာမတွေ၊ မူလတန်းပြ ဆရာ၊ ဆရာမတွေအားလုံး၊ Grade–6 အတွက် အလယ်တန်းပြ ဆရာ၊ ဆရာမအားလုံးကို သင်ကြားသင်ယူမှု နည်းလမ်းတွေအတွက် သင်တန်းပေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ သင်ထောက်ကူပစ္စည်းအတွက် KG Kit တွေကို လည်း ကျွန်တော်တို့ ထောက်ပံ့ပေးလျက်ရှိပါကြောင်းနဲ့ KG အတွက်လိုအပ်တဲ့ သစ်သား ဘလောက်တုံး၊ ရောင်စုံသစ်သားပုတီးစေ့၊ ပလတ်စတစ်ကတ်ကြေး ရောင်စုံ ကျွန်တော်တို့ ပလတ်စတစ်ချိတ်ဆက်၊ ပဟေဋ္ဌိဉာဏ်စမ်းချိတ်ဆက်တွေ၊ ရောင်စုံ A4 စက္ကူတွေ၊ ရောင်စုံ ဖယောင်း ခဲတံ၊ ရေဆေး+စုတ်တံတွေ၊ ပြီးရင် ကျွန်တော်တို့ EVA ရေမြှုပ် အံသွင်းတဲ့ပုံတွေ၊ လက်ထိုးရုပ်တွေ၊ ပြီးရင် စက္ကူခေါက်နည်းစာအုပ်တွေ၊ ဒါတွေနဲ့ အလယ်တန်း၊ အထက်တန်းအတွက်လည်း ကျွန်တော်တို့ Electronic Kit တွေ၊ ဓာတုဗေဒ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ၊ ရူပဗေဒဓာတ်ခွဲခန်းသုံးပစ္စည်းတွေ၊ ဇီဝဗေဒဘာသာရပ်အတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းတွေနဲ့ မနှစ်ကဆိုလို့ရှိရင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံရဲ့ သိပ္ပံနဲ့နည်းပညာ Museum ကနေ ထောက်ပံ့ပေးတဲ့ သိပ္ပံပစ္စည်းတွေကိုလည်းပဲ ကျွန်တော် တို့က အ.ထ.က(၆) နေပြည်တော်မှာ ပြထားပြီး ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူ တွေက လေ့လာနိုင်သလို ဒီနှစ်မှာ မန္တလေးတိုင်းဒေသကြီးမှာ ရွှေ့ပြောင်းပြီးတော့ ကျောင်းသား၊ ကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေကို ဖြည့်ဆည်းပေးခိုင်းဖို့ စီစဉ်နေသလို သင်ထောက်ကူ ပစ္စည်းတွေ၊ လိုအပ်နေတဲ့ စာကြည့်တိုက်တွေ၊ သိပ္ပံပစ္စည်းတွေ၊ ICT တွေကိုလည်း ခွင့်ပြုဘဏ္ဍာငွေ အရ ဖြည့်ဆည်းစီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဆရာ၊ ဆရာမအရည်အသွေး မြင့်မားပေးဖို့အတွက်လည်း ကျွန်တော်တို့ မူလတန်းပြ ဆရာ၊ ဆရာမအားလုံးကို Grade–1၊ မူလတန်းပြ ဆရာ၊ ဆရာမအားလုံးကို Grade–2၊ မူလတန်းပြ ဆရာ၊ ဆရာမအားလုံးကို Grade–3 ကျောင်းသုံးဖတ်စာအုပ်တွေ၊ ဆရာကိုင်စာအုပ်တွေ၊ သင်ကြားသင်ယူမှု နည်းလမ်းတွေနဲ့ လက်တွေ့မွမ်းမံသင်တန်းတွေကို နှစ်စဉ် ဧပြီလနဲ့ မေလတွေမှာ စီစဉ်ဆောင်ရွက်နေသလို ဆရာ၊ ဆရာမတွေကို သင်ထောက်ကူပစ္စည်းတွေ ကျွန်တော်တို့ ပံ့ပိုးပေးပြီး လက်တွေ့လုပ်ပြီးတော့မှ ဆရာ၊ ဆရာမတွေက ကျောင်းသား၊ ကျောင်းသူတွေကို လက်တွေ့

Project Base Learning တွေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ ဆက်လက်ပြီး ကျွန်တော်တို့ ဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆရာ၊ ဆရာမ အရည်အသွေးမြင့်မားရေးအတွက်လည်း (၂)နှစ်သင် ပညာရေးကောလိပ် အားလုံးကို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ဖို့အတွက် ယူနက်စကိုနဲ့ Diploma Partner တွေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းဖွင့်ကာလနဲ့ ကျောင်းပိတ်ကာလတွေကိုလည်း နှစ်စဉ်ပုံမှန်အတိုင်း ဇွန်လ ၁ ရက်နေ့ကနေ မတ်လ ၃၁ ရက်နေ့အထိ ကျောင်းဖွင့်ကာလ(၁၀)လသည် ပုံမှန်အတိုင်း သတ်မှတ်တာဖြစ်ပါတယ်။ နွေရာသီကျောင်းပိတ်ကာလကိုလည်း ပုံမှန်အတိုင်း ဧပြီလ ၁ ရက်နေ့နဲ့ မေလ ၃၁ ရက်နေ့အထိ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ အလွတ်ကျက်မှတ်တဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အားပေးတဲ့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သင်ယူခြင်းသည် ဘာလုပ်ဖို့လဲမေးရင် စာမေးပွဲဖြေဖို့၊ ရမှတ်များများရဖို့ မဟုတ်ပါဘူး။ သင်ယူပြီးရင်း သင်ယူဖို့၊ တစ်သက်တာ သင်ယူဖို့အတွက် ဖြစ်ပါတယ်။ သို့သော် တစ်သက်တာ သင်ယူနိုင်ဖို့အတွက် ဖတ်တတ်၊ ရေးတတ်၊ တွက်တတ်ဖို့လိုတဲ့အတွက် မူလတန်းကျောင်းသား၊ ကျောင်းသူအားလုံးသည် ဖတ်တတ်၊ ရေးတတ်၊ တွက်တတ်အောင်နဲ့ စဉ်းစားတွေးခေါ်နိုင်အောင် သင်ကြားသင်ယူပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အလွတ်ကျက်မှတ် သင်ယူခြင်းကနေပြီးတော့လည်း Deep Learning နက်နက်နဲနဲ သင်ယူခြင်းအတွက်လည်း ပြုပြင်ပြောင်းလဲဆောင်ရွက်နေသလို ဆရာဗဟိုပြုသင်ယူခြင်း Teacher Centered Method ကနေပြီးတော့မှ သင်ယူသူဗဟိုပြုသင်ယူခြင်း Learner Centered Method ကိုလည်း ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲတွေကိုလည်း ယခင်က (၁၀)လ ဖွင့်သော်လည်းပဲ (၈)လသာ ကျောင်းဖွင့်ချိန်ရှိတဲ့အတွက် အခန်းဆုံးစစ်ဆေးခြင်းတွေကို ဇူလိုင်လ၊ ဩဂုတ်လတစ်ကြိမ်၊ ဒီဇင်ဘာလမှာတစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလမှာ တစ်ကြိမ်ဆောင်ရွက်ပြီး မူလတန်း Grade-5 စစ်ဆေးအကဲဖြတ်ခြင်း၊ အလယ်တန်း Grade-9 သင်ယူပြီးမြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း တက္ကသိုလ်ဝင်စာမေးပွဲတွေကို ပုံမှန်အတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်အတန်းတွေရဲ့ နှစ်ဆုံးစစ်ဆေးခြင်း၊ သင်ကြားသင်ယူခြင်းတွေကို မတ်လ နောက်ဆုံးအပတ်အထိ စီစဉ်ဆောင်ရွက်ပြီးတော့မှ နွေရာသီကျောင်းပိတ်ကာလကို ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနဲ့ National Qualification Framework (NQF) အရ ကျွန်တော်တို့ ဒီဟာသည် အင်မတန်အရေးကြီးပါတယ်။

Level-1 သည် မူလတန်းပညာရေး ဖြစ်ပါတယ်။ Level-2 သည် အလယ်တန်းပညာရေး ဖြစ်ပါတယ်။ Level-3 သည် အထက်တန်းပညာရေး ဖြစ်ပါတယ်။ အထက်တန်းပညာရေးပြီးတဲ့ အခါမှာ ကျောင်းသား၊ ကျောင်းသူသည် Level-4 ဖြစ်တဲ့ Non-Tertiary Education၊ (Short cycle)

ဖြစ်တဲ့ Certificate တစ်နှစ်ထက်မပိုတဲ့ Certificate သင်တန်းတွေကို သွားတက်ရမှာလား၊ Level –5 ဖြစ်တဲ့ Tertiary Education၊ Vocational training တွေ ဒါမှမဟုတ် တက္ကသိုလ်တွေကဖွင့်လှစ်တဲ့ Certificate တွေ၊ Diploma တွေ၊ Advanced Diploma တွေ (၂)နှစ် ထက်မပိုတဲ့ ဒီသင်တန်းတွေကို တက်မှာလား။ ဒါမှမဟုတ်လို့ရှိရင် တက္ကသိုလ်ကိုတက်ပြီး ဘွဲ့ယူမယ့်သင်တန်းတွေကိုတက်မှာလား ဆိုတဲ့ Level–4 ကို သွားရမှာလား။ Level –5 ကိုသွားရမှာလား။ Level –6 ကိုသွားရမှာလား ဖြစ်တဲ့အတွက် ဒီလို Level –3 ကနေပြီးတော့မှ ခွဲပြီးတော့မှ စီစဉ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာတော့ အင်္ဂလန်မှာဆိုရင် GCE A Level နဲ့ စီစဉ်ဆောင်ရွက်သလို၊ U.S.A မှာ ဆိုလို့ရှိရင် SAT နဲ့ စီစဉ်ဆောင်ရွက်သလို နိုင်ငံတော်တော်များများမှာ နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွေ နဲ့ စီစဉ်ဆောင်ရွက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဒီလို Level–4 ကိုသွားမှာလား၊ Level –5 ကိုသွားမှာလား၊ Level –6 ကိုသွားမှာလား စီစဉ်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွေကပဲ နိုင်ငံတော်အဆင့်ကနေပဲ ကျွန်တော်တို့ ဒီလို စီစဉ်ဆောင်ရွက်သွားမှသာ Leve l–6 Actual Degree ကို ကျွန်တော်တို့ သွားရောက်မယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် စီစဉ်ဆောင်ရွက်ပြီး အများစုကိုတော့ High School Completion Certificate တွေနဲ့ပေးပြီးတော့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ Level –7 သည် မဟာဘွဲ့၊ Level –8 သည် ပါရဂူဘွဲ့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျောင်းသားများ၊ ဆရာများ၊ မိဘများ၊ အုပ်ထိန်းသူပြည်သူများနဲ့ ဆွေးနွေးပွဲများကိုလည်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ မသုံးစွဲရေး၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံ အသိပညာပေးရေး၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှု ပပျောက်စေရေးတွေကိုလည်းပဲ ကျွန်တော်တို့ ဒါတွေကို ပူးပေါင်းစီစဉ်ဆောင်ရွက်ပြီးတော့ ဆွေးနွေးပွဲတွေ စီစဉ်ဆောင်ရွက်သွားမှာဖြစ်သလို မိဘအုပ်ထိန်းသူပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့လည်း ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းတက်မှန်ရေး၊ ကျောင်းတည်မြဲရေး၊ ကျောင်းမထွက်ရေး၊ တတိယတန်းပြီးပါက စာဖတ်တတ်၊ ပြောတတ်၊ ရေးတတ်ရေး၊ သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေး တစ်သက်တာသင်ယူရေး၊ အင်္ဂလိပ်စာ ICT အရည်အသွေးကောင်းမွန်ရေး၊ တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်သော တီထွင်ကြံဆ ဖန်တီးနိုင်စွမ်းရှိတဲ့ လူသားကောင်းများဖြစ်ရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ၏ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းခွင့်ပြုပါရန် လေးစားစွာ

တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းနဲ့ စစ်ကိုင်းတိုင်း ဒေသကြီးအတွက် စုစုပေါင်း (၃၁၈)ကျောင်းကို ခွင့်ပြုပေးခဲ့ပါတယ်။ တမူးမြို့နယ်မှာတော့ ကျွန်တော်တို့ ကျောင်းပေါင်း စုစုပေါင်း (၅)ကျောင်းကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ တမူးမြို့၊ မြို့မရပ်ကွက်(၁၃)မှာရှိတဲ့ နန်းဖာလုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာတော့ ကျောင်းဆောင် (၅)ဆောင်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၉၃၁)ဦး ရှိပါတယ်။

အဲဒီမှာ သစ္စာဆောင်သည် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ (၉၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ်ဆောင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒါကတော့ ကျောင်းရဲ့ဆိုင်းဘုတ် ဖြစ်ပါတယ်။ ဒါကတော့ သစ္စာကျောင်းဆောင် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ မေတ္တာကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ မုဒိတာကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ ကရုဏာကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ ယာယီဆောင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်နေတဲ့ (၁၄၀x၃၀)ပေ Steel Structure နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင် တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်တဲ့ ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှာ ခွဲဝေရရှိဖို့အတွက် ဦးစားပေးအလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထားပါကြောင်းနဲ့ ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ရဲ့ မေးခွန်းအပေါ် ဆက်လက်တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မနှစ်ကဆိုလို့ရှိရင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာ ကျောင်းဆောင် စုစုပေါင်း (၁၇)ဆောင်ကို တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ မိုးညှင်းမြို့နယ်မှာတော့ ကျောင်း(၂)ကျောင်း ပါဝင်ပါတယ်။ မိုးညှင်းမြို့ပေါ်မှာရှိတဲ့ အုတ်ကျင်း အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းဆောင် စုစုပေါင်း (၅)ဆောင်ရှိပါတယ်။ ခန်းမဆောင် (၁)ဆောင်ရှိပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၄၈၁)ဦး ရှိပါတယ်။ ဒါကတော့ ကျောင်းဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ အုတ်ကျင်းကျောင်းဆောင်၊ စာသင်ဆောင်(၁) ဖြစ်ပါတယ်။ စာသင်ဆောင်(၂) ဖြစ်ပါတယ်။ စာသင်ဆောင်(၃) နှစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ စာသင်ဆောင်(၄) နှစ်ထပ်စာသင်ဆောင် ဖြစ်ပါတယ်။ စာသင်ဆောင်(၅) ဖြစ်ပါတယ်။ ဒါကတော့ ခန်းမဆောင်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လိုအပ်နေတဲ့ ကျောင်းဆောင်ရရှိဖို့နဲ့ ကျောင်းအမည် ပြောင်းလဲဖို့အတွက်ကိုတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ကျောင်းတွေက မြို့နယ်၊ ခရိုင်ပညာရေးမှူးရုံးရဲ့ ထောက်ခံချက်၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူပြီး အခြေခံပညာဦးစီးဌာနကို အမှုတွဲ လွှဲပြောင်း

တင်ပြလို့ရှိရင် အခြေခံပညာဦးစီးဌာနကနေ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို တင်ပြပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ကျောင်းအမည်ပြောင်းလဲဖို့အတွက် စီစဉ်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်းနဲ့ လိုအပ်နေတဲ့ (၁၄၀ x ၃၀)ပေ RCC နှစ်ထပ် ကျောင်းဆောင် (၁)ဆောင် တိုးချဲ့ဆောက်လုပ်နိုင်ဖို့အတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ် အောက်ကနေ ခွဲဝေရရှိမယ့် ရန်ပုံငွေအခြေအနေအပေါ်မူတည်ပြီး ဦးစားပေးအဆင့်အလိုက် ခွဲခြား သတ်မှတ်ပြီး ထည့်သွင်းလျာထားပါကြောင်းနဲ့ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက် စီစဉ် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်းရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မနှစ်ကဆိုလို့ရှိရင် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ငွေလုံးငွေရင်းတည်ဆောက်ရေး မှာ လုပ်ငန်း(၁၁)ခုကို ကျွန်တော်တို့ ထည့်သွင်းလျာထား ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက်တော့ စုစုပေါင်း (၂၅)ကျောင်း ခွဲဝေရရှိဖို့အတွက် ထည့်သွင်းလျာထား စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအထဲက ထန်တလန်မြို့နယ်က အန္တရာယ်ရှိကျောင်းဆောင် (၁)ဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ဖို့ တစ်ကျောင်း ပါဝင်ပါတယ်။ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ (၁၂၀ x ၃၀)ပေ အန္တရာယ်ရှိ ကျောင်း ဆောင်(၁)ဆောင်၊ (၁၀၀ x ၃၀)ပေ ပျက်စီးနေတဲ့ ကျောင်းဆောင်(၁)ဆောင်၊ (၉၀ x ၃၀)ပေ ကျောင်းဆောင်(၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၁၆၀)ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ကျောင်းဆိုင်းဘုတ် ဖြစ်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ လေတိုက်သွားတဲ့အတွက်ကြောင့်မို့လို့ ပျက်စီးနေတဲ့ (၁၀၀ x ၃၀) ပေ အုတ်ညှပ် တစ်ထပ်စာသင် ဆောင်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ထန်တလန်မြို့နယ်၊ အိုင်ဘူးရ်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) မှာ ပျက်စီးနေတဲ့ အန္တရာယ်ရှိကျောင်းဆောင်တွေအတွက် လိုအပ်နေတဲ့ (၁၄၀ x ၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ဖို့အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်က ခွဲဝေရရှိမယ့် ရန်ပုံငွေ အခြေအနေအပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထား ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၅။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ လိုအပ်တဲ့ Power Point များနှင့် အင်္ဂလိပ်ဘာသာ၊ သိပ္ပံဝေါဟာရများ သုံးစွဲခွင့်ပြုပါရန်လည်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန် ၁၄-၂-၂၀၁၉ ရက်နေ့ ရက်စွဲဖြင့် ပေးပို့ခဲ့ရာမှာ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်ကြီးများက အပင်ပိုင်းဆိုင်ရာ ရုက္ခဗေဒဌာနကြီးများမှ ပညာရှင်ကြီးများကို ဖိတ်ခေါ်ဆွေးနွေးထားခြင်းမရှိတာ တွေ့ရှိရပါတယ်။ အပင်မျိုးစေ့ အကာအကွယ်ပေးရေးကိစ္စရပ်က သိပ္ပံပညာဆိုင်ရာ ဆောင်ရွက်မှုများဖြစ်၍ ပညာရပ်ဆိုင်ရာ ရုက္ခဗေဒပညာရှင်များကဏ္ဍအလိုက်ပါဝင်ဖို့ အထူးလိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။

ရုက္ခဗေဒပညာရပ် ခေါ်တဲ့ Botany ဘာသာကို အဓိပ္ပာယ်ဖွင့်ရန် The Study of Plants အပင်များကို လေ့လာခြင်းနဲ့ အပင်များရဲ့ Origin of plants and life circle အပင်တို့ရဲ့ ဖြစ်စဉ်နဲ့ ဘဝစက်ဝန်းကို လေ့လာတဲ့ ပညာရပ်ကြီးဖြစ်ပါတယ်။ ယခု အပင်မျိုးသစ်ဆိုင်ရာ ဥပဒေကြမ်းအဆိုဆိုကတည်းက အပင်ပိုင်းဆိုင်ရာအားလုံးကို ရည်ညွှန်းထားတဲ့အတွက် ဘုံနိမ့်ပင် အမျိုးအစား

သာမန်မျက်စေ့နဲ့ မြင်နိုင်စွမ်းမရှိတဲ့ Uni Cell တစ်ခုမှ Cell Tissue များစွာနဲ့ ဖွဲ့စည်းထားတဲ့ Multi cell ဘုံမြင့်ပင်တွေ ပါဝင်မှာဖြစ်ပါတယ်။ လူ့အသုံးချ စိုက်ပျိုးရေးဘာသာရပ်မှ အသုံးချအပင် လောက်ကိုသာ အကာအကွယ်ပေးရမှာမဟုတ်ဘဲ အပင်ဆိုသည်မှာ ဆိုကတည်းက အပင်လောက အားလုံးမှာ ပါဝင်တဲ့ ဘုံနိမ့်၊ ဘုံမြင့် အပင်တွေနဲ့ လူသူမသိတဲ့ မရောက်ရှိသေးတဲ့ မြန်မာ့သစ်တော ကြီးတွေထဲက အပင်သစ်တွေ၊ ဓာတ်ခွဲခန်းတွေထဲက စမ်းသပ်တီထွင်ပြီး ပေါ်ထွန်းလာတဲ့ အပင် သစ်တွေ၊ ဥပမာ ပင်နီဆီလင်ဆေးဖော်စပ်တဲ့ Penicillium Noctatum fungus မှို တစ်မျိုးကရရှိတဲ့ ဓာတ်ခွဲခန်းထဲက အခြေခံပစ္စည်းတွေလိုပဲ ကချင်ပြည်နယ်က ဒေါ်လာထောင်ချီပြီး တန်ဖိုးရှိတဲ့ Cordyceps လို သတ္တနဲ့ရုက္ခအနွယ်ဝင် အခြေခံဘုံနိမ့် ဆေးပင်တွေဟာ မြန်မာနိုင်ငံအတွင်း အပင်သစ် အမျိုးအစားတွေ ဖြစ်ပါတယ်။

အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေက စိုက်ပျိုးရေးကဏ္ဍက မျိုးသစ်တွေကိုသာ ရည်ရွယ်ထားရန် ရှိပေမယ့် စိုက်ပျိုးရေးကဏ္ဍက အပင်သစ်များနဲ့ သစ်တောထွက် သစ်ခွ၊ စပ်မျိုးတို့ လောက်သာမကဘဲ မြန်မာ့မြေက သဘာဝအပင်သစ်တွေ၊ မြန်မာပညာရှင်များရဲ့ တကယ့် ဓာတ်ခွဲ ခန်းထဲက ထွက်ပေါ်လာမယ့် အပင်သစ်တွေအတွက် အားလုံးကို ကာကွယ်ပေးတဲ့ဥပဒေ ဖြစ်သင့် ပါတယ်။ စိုက်ပျိုးရေးပညာနဲ့ သစ်တောပညာဆိုတာ ရုက္ခဗေဒပညာရပ်ကြီးထဲက ခက်ဖြာလာတဲ့ ကဏ္ဍတစ်ရပ်သာဖြစ်ပြီး Plant Breeding ခေါ်တဲ့ အပင်မျိုးစပ်ရယူခြင်းမှ ဖြစ်တည်လာတဲ့ စိုက်ပျိုး အသုံးချ စားသုံးသီးနှံ(Food)၊ အစားအစာများနဲ့ အဆင်တန်ဆာ (Cloth)များဖန်တီးခြင်း ဆိုတဲ့ ပညာရပ်တစ်ရပ်သာ ဖြစ်ပါတယ်။

သစ်တောကဏ္ဍကတော့ မှီခိုမှုအတွက် အဆောက်အဦသုံးပစ္စည်း၊ သစ်အမျိုးမျိုး၊ သစ်မာပင် တို့ကိုလေ့လာတဲ့ကဏ္ဍအဖြစ် အကျုံးဝင်ပါတယ်။ ယခု Power Point နဲ့ တင်ပြထားတဲ့ ရုက္ခဗေဒ ဘာသာရပ်ခေါင်းစဉ်ကြီးအောက်မှာရှိတဲ့ ဘာသာရပ်တွေ (၁)ကနေ (၁၂)ထိ ဖော်ပြထားပါတယ်။ အဲဒီမှာ Morphology, Cytology, Taxonomy, Physiology, Algae အဲဒါမှာဆိုရင် ကျွန်တော်တို့ စပီရူလိုင်းနား ခေါ်တဲ့ စိမ်းပြာရေညှိ ပါဝင်နေပါတယ်။ နောက် မှိုတစ်မျိုး Mycology သူကလည်း Cordyceps တို့လို မှို fungus အပင်မျိုးကရရှိတဲ့ အနေအထားဖြစ်ပါတယ်။ ဆေးဝါးသိမှုပညာ (Pharmacognosy) နောက် ဆေးဝါးဗေဒ(Pharmacology) အပင်စိုက်ပျိုးရေးပညာ (Plant Breeding) အဲဒီမှာဆိုရင် Agriculture ပါ ပါမယ်။ Horticulture နောက် Forestry တို့ ပါ ပါတယ်။ နောက်ပြီးတော့ ဆေးဝါး Medicinal Plant တွေ ပါ ပါတယ်။ မော်လီကျူးဆိုင်ရာ Molecular Cell Biology များလည်း ပါ ပါတယ်။ နောက် Ecology ပါ ပါတယ်။ အဆိုပါ ဘာသာရပ်တို့ရဲ့ သီးခြား ဘာသာရပ်များကို ပိုင်းခြားလိုက်တဲ့အခါမှာ အထက်ပါဘာသာရပ်အလိုက် ပိုင်းခြားနိုင်မှာ ဖြစ်ပါတယ်။ ပြင်ပရုပ်သွင်ပညာ၊ ဆဲလ်ဗေဒ၊ မျိုးခွဲပညာ၊ မျိုးရိုးပညာတွေဟာ အပင်မျိုးသစ် တီထွင် စိုက်ပျိုးရေးမှာ အရေးပါတဲ့ ဘာသာရပ်များဖြစ်ပါတယ်။

ယခုပြင်ဆင်လိုတဲ့ ဥပဒေကြမ်းမှာ အမှတ်စဉ်၊ အခန်းနဲ့ ပုဒ်မတွေကတော့ ၃-၁-၁ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ အစား အပင်မျိုးသစ် ကာကွယ်ပေးရေးဆိုတဲ့အနေနဲ့ ပြင်ဆင်လိုပါတယ်။ ၄-၁-၂(က)မှာ အပင်ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည် စာပိုဒ်မှာ သက်ရှိလောက ဆဲလ်တွေနဲ့ ဖွဲ့စည်းထားတဲ့အပင်တွေ၊ အပင်အမျိုးအစားတွေမှာပါဝင်တဲ့ အဏုဇီဝ သက်ရှိလောကကို ဖယ်ရှား၍မဖြစ်ပါ။ ခေတ်ခွဲခန်းတွင်လည်း တီထွင်ထုတ်လုပ်ပြီး အဏုဇီဝအသစ်များ ပေါ်ထွန်းလာနေတာမို့ အပင်ဆိုသည်မှာ အဏုဇီဝ ဘုံနိမ့်အမျိုးအစားသက်ရှိများဖြစ်၍ ဤစာပိုဒ်ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါတယ်။ အပင်ဆိုသည်မှာ ဆိုတဲ့ ဝေါဟာရသုံးစွဲပါက အဏုဇီဝကို ဖြုတ်၍မရပါ။ ၄-၁-၂(ခ)အတွက် အပင်မျိုးဆိုသည်မှာ ရုက္ခဗေဒဘာသာရပ်မှ မျိုးခွဲပညာ Taxonomy လုပ်ထုံးလုပ်နည်းအရ မျိုးရင်း(Family)၊ မျိုးစု (Genus)၊ မျိုးစိတ်(Species)အလိုက် အခြေခံအမည်ပေးစနစ် Normenclature System အရ အရည်အသွေးနှင့်ပြည့်စုံသော အပင်မျိုးစိတ်ကို ဆိုသည်လို့ ဆိုပါတယ်။ (ခ-၁) မျိုးရိုးဗီဇတစ်ခုခု အစား မျိုးရိုးဗီဇလက္ခဏာများလို့ ပြင်ဆင်လိုပါတယ်။ (ခ-၂)အခြားအပင်တို့နှင့် ကွဲပြားခြားနားသည့် လက္ခဏာလို့ ပြင်ဆင်လိုပါတယ်။


(ခ-၃) မျိုးပွားသည့်အခါ အပင်မျိုးသစ်အတိုင်း မူလဗီဇလက္ခဏာများ ပြောင်းလဲခြင်း မရှိဘဲ တည်ငြိမ်စွာပါရှိသည့်အခြေအနေမျိုး ဆိုတဲ့ စာသားကို ဖြည့်စွက်လိုပါတယ်။ (၄-၁) အပိုဒ်ကြီး (ဂ) အပင်မျိုး မွေးမြူမှုအစား အပင်စပ်မျိုး တီထွင်သူလို့ပြောရပါမယ်။ သတ္တဝါကို မွေးမြူသူဟုသုံး၍ အပင်ကို စိုက်ပျိုးသူဟူ၍ မြန်မာဝေါဟာရမှာ အသုံးပြုပါတယ်။ (ဂ-၁)၊ (ဂ-၂)၊ (ဂ-၃)နဲ့ (ဂ)(ဃ) တို့ကို အပင်မျိုးစပ်တီထွင်သူ ဆိုပြီးတော့ သုံးလိုပါတယ်။ (ဂ-ဇ)ကတော့ ဝန်ကြီးဌာနဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနတစ်ခုတည်း ဖော်ပြပါရှိ၍ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များမှ ရုက္ခဗေဒဌာနများဟူ၍ ဖော်ပြလိုပါတယ်။ ၆-၂-၃(က)အပင်မျိုးသစ်များ တီထွင်စိုက်ပျိုးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ တောတောင်များမှ အပင်သစ်များစုဆောင်းရယူ၍ အပင်သစ်များ ပေါ်ထွန်းခြင်းဆိုရာမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စာသားတစ်ခုတည်းအစား မြန်မာ့ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အထားဖြစ်စေရန် ဆိုပြီး ပြင်ဆင်လိုပါတယ်။ ၈-၃-၄ (ဝန်ကြီးဌာနသည်)အစား ဝန်ကြီးဌာနများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများနှင့် ပညာရေး--------

The Study of Plants အပင်များအား လေ့လာခြင်းနှင့် အပင်များ၏ Origin of plants and life circle ပြပုံ (ည)

အပင်လောက (Plant Kingdom)
(Botany ရုက္ခဗေဒပညာ)
The Study of Plants အပင်များကိုလေ့လာခြင်း
(Origin of Plants & Life Cycle)

| | | |
|---|---|---|
| ၁။ | ပြင်ပရုပ်သွင်ပညာ | (Morphology) |
| ၂။ | ဆဲလ်ဗေဒ | (Cytology) |
| ၃။ | မျိုးခွဲပညာ | (Taxonomy) |
| ၄။ | ဇီဝကမ္မဗေဒပညာ | (Physiology) |
| ၅။ | ရေညှိပညာ | (Angae) |
| ၆။ | မှိုပညာရပ်ဆိုင်ရာ | (Mycology) |
| ၇။ | ဆေးဝါးသိမှုပညာ | (Pharmacognosy) |
| ၈။ | ဆေးဝါးဗေဒ | (Pharmacology) |
| ၉။ | အပင်စိုက်ပျိုးရေးပညာ | (Breeder) |
| ၁၀။ | မျိုးရိုးဗေဒပညာ | (Genetics) |
| ၁၁။ | မော်နီကျူးဆိုင်ရာပညာ | (Molecular Cell Biology) |
| ၁၂။ | ဂေဟဗေဒပညာ | (Ecology) |

The Study of Plants အပင်များအား လေ့လာခြင်းနှင့် အပင်များ၏ Origin of plants and life circle ပြပုံ (ည-၁)




**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ အခု ကျွန်တော် ဆွေးနွေးမှာကတော့ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အသစ်ဖြည့်စွက်ချက်တစ်ခုနဲ့ ရေးထုံးပြင်ဆင်ရေးထုံးနည်း ပြင်ဆင်ချက်(၂၆)ခုဖြစ်တဲ့ အတွက် ကျွန်တော့် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော် ပုဒ်မ ၂ က ဒါ အဓိပ္ပာယ် ဖွင့်ဆိုထားတဲ့ အပင်ဆိုသည်မှာ အဏုဇီဝသက်ရှိမှလွဲ၍ ဆိုတဲ့ဟာကို ခုနတုန်းက ဒေါက်တာ ကျော်သန်းထွန်း ကိုယ်စားလှယ်တော်ကြီးပြောသလို ဒါဟာ လွဲ၍ဆိုတဲ့စကား အဏုဇီဝပါမှဖြစ်မှာ။ ဥပမာ ကျွန်တော်တို့ ရှီးပတီးလိုအပင်မျိုးဆိုရင် အဏုဇီဝနဲ့ ပတ်သက်တာဖြစ်ပါတယ်။ အဏုဇီဝမှ လွဲ၍ ဆိုတဲ့စကားရပ်ကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။ အောက်က ၂(ဂ) က ကျွန်တော် အဓိပ္ပာယ် ဖွင့်ဆိုထားတဲ့နေရာမှာ အပင်မွေးမြူသူသည် ဆိုတဲ့စကားရပ်ကို အပိုဒ် ၃ ပိုဒ်နဲ့ အဓိပ္ပာယ်ဖွင့်ဆို ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ တစ်ပေါင်းတည်း ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဥပဒေ ပုဒ်မတွေကို ညွှန်းပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းသည် ပိုပြီးတော့ ပိုမို ကောင်းမွန်အောင် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ဒါက ၂(င)ဖြစ်ပါတယ်။ ၂(င) ကတော့ ကျွန်တော် ရေးထုံးပြင်ဆင်ထားတာ ဖြစ်ပါတယ်။ အခြားသူတစ်ဦးတစ်ယောက်ဆိုတဲ့ စကားရပ်ကို အခြားသူတစ်ဦးဦးဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင် ထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂၃ ရဲ့ ရှေ့မှာ ဤဥပဒေဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၂၂(ခ) ဖြစ်ပါတယ်။ ပုဒ်မ ၂၂(ခ) နဲ့ ပုဒ်မ ၂၄ ကလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ပါတယ်။ ဒါက ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုချက် ၂ မှာ ကနဦးဆိုသည်မှာ ဆိုတဲ့ စကားရပ်ကို ကနဦးမျိုးကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ကနဦးမျိုး ဆိုသည်မှာ ကာကွယ်ခွင့် ရှိသော အပင်မျိုး သို့မဟုတ် ကာကွယ်ခွင့်ယူထားခြင်းမရှိသော အပင်မျိုးကိုဆိုသည်လို့ ပြင်ဆင်ထား သည့်အတွက် ဒါကလည်း ပုဒ်မ ၂၆(က)မှာ ပြဋ္ဌာန်းထားတာက ကနဦးမျိုးရဲ့နောက်မှာ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းသည် ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်အခန်းမှာသာ အဓိပ္ပာယ်ဖွင့်ဆိုသင့်တဲ့ အတွက်ကြောင့် ဒါကို ၂၆ ရဲ့ နောက်က အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ကွင်းခတ်ထားတဲ့ဟာကို ပယ်ဖျက် ထားခြင်းဖြစ်ပါတယ်။

အောက်က ပုဒ်မ ၃(ခ)၊ ဒါက ရည်ရွယ်ချက်အခန်း ကျွန်တော် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ အပင်မွေးမြူခြင်းလုပ်ငန်းရပ်တွင် နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန်ဆိုပြီးတော့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အောက်က အခန်း(၃)က ကော်မတီ ဖွဲ့စည်းခြင်းက ပုဒ်မ ၄ ဖြစ်ပါတယ်။ ဝန်ကြီးဌာနသည် ဝန်ကြီးဌာန – ဆိုတဲ့နေရာမှာ ဝန်ကြီးဌာန၏ ဆိုတဲ့ ပုဒ်ဖြတ်က အမှား ပုဒ်ဖြတ်နေရာမှာ ပုဒ်ဖြတ်မထည့်တော့ဘဲ ၏ လို့ ထည့်ရမှာဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၆ ကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အဆိုပါ အပင်သစ်များကိုဆိုတာ ယင်းအပင်အသစ်များကို ဒါ ကိုက်ညီမှုမရှိစစ်ဆေးပေးသည့် စကားရပ်ကို စစ်ဆေးပေးသည့်ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။

အောက်က ၈(က) ဖြစ်ပါတယ်။ ၈(က) ၎င်း၏ ခွင့်ပြုချက်ဖြင့် အဆိုပါအပင်မျိုး၏ နောက် မွေးမြူသူ၏ခွင့်ပြုချက်ဖြင့် ယင်းအပင်မျိုးလို့ ရေးထုံးပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အောက်က ပြည်ပနိုင်ငံများတွင် (၄)နှစ်ထက်စော၍ ဆိုတဲ့နေရာမှာ နိုင်ငံများတွင်ကို ပယ်ဖျက်၍ ပြည်ပ၌ဆို၍ ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါ ပုဒ်မ ၈(ဂ) ဖြစ်ပါတယ်။ ပုဒ်မ ၈(ဂ) က ဤဥပဒေ ပါပြဋ္ဌာန်းပြီးဆိုတဲ့ စကားရပ်ကို ဤဥပဒေအာဏာတည်ပြီးနောက် ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၁၀ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ ၎င်း ဆိုတဲ့ စကားရပ်အစားကို ၎င်း၏ ဆိုတဲ့ဟာကို ပယ်ဖျက်ပြီးတော့ နောက်မှာ လက္ခဏာဆိုတဲ့နေရာမှာ လက္ခဏာရပ်ဆိုပြီး ကျွန်တော် ထည့်တာပါ။ ဘာလို့လဲဆိုရင် လက္ခဏာဆိုတဲ့ စကားရပ်ဝေါဟာရက ကျွန်တော်တို့ ပါဠိပါတ်ဝေါဟာရ အဓိပ္ပာယ် များစွာကောက်ယူလို့ရတဲ့အတွက် အပင်နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်တစ်မျိုးတည်းကို ပေါ်လွင်စေအောင် နောက်က ရပ်တစ်လုံးထည့်မှသာ လက္ခဏာရပ်လို့ သုံးမှသာလျှင် ပိုမိုသင့်တော်မှာ ဖြစ်ပါတယ်။

ဒါ ပုဒ်မ ၂၆(က)(၁)မှာလည်း ထိုနည်းလည်းကောင်းပဲ။ ပုဒ်မ ၁၂(က)(၂)မှာလည်း ထိုနည်းလည်းကောင်းပါပဲ။ အောက်မှာ ကျွန်တော် အပင်မျိုးမပေးရဆိုတဲ့ဟာ ရှုပ်ထွေးမှုဖြစ်စေ သောအပင်မျိုး၊ အပင်မျိုးမပေးရဆိုတဲ့နေရာမှာ မျိုးဆိုတဲ့ဝေါဟာရကို ကျွန်တော် ဒါ ပယ်ဖျက် ထားခြင်း ဖြစ်ပါတယ်။ ဤဥပဒေပါမှာ ဒီဥပဒေမှာက သစ်ပင်မျိုးနဲ့ ရောထွေးသွားတဲ့ မျိုးဆိုတဲ့ စကားရပ် သုံးလိုက်တဲ့အတွက်ကြောင့် မျိုးဆိုတဲ့စကားရပ်ကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

ဒါလည်း ထိုနည်းလည်းကောင်းပါပဲ။ အပိုဒ် ၁၂(က)(၃)မှာ ဖော်ပြထားသည့် အမည် ပေးခြင်းမျိုး မပြုရဆိုတဲ့ဟာကို ဖော်ပြထားပြီး အမည်ပေးခြင်းမပြုရလို့ပဲ ကျွန်တော် မျိုးဆိုတဲ့ ဟာကို ဖြုတ်ထားခြင်း ဖြစ်ပါတယ်။ အောက်က ကျွန်တော် ပုဒ်မ ၁၇ မှာတော့ ရက်စွဲ၊ နေ့စွဲဆိုတဲ့ စကားရပ်ကို ရက်စွဲလို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ပုဒ်မ ၂၃(က)ကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကင်းလွတ်မှုများမှလွဲ၍ဆိုတာကို ကင်းလွတ်မှုများမှတစ်ပါးဆို ပြီးတော့ အဲဒီလို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အောက်က ၂၈(က)မှာလည်း အပင်မွေးမြူသူ ကိုယ်တိုင် သို့မဟုတ် ၎င်း၏ဆိုတဲ့ စကားရပ်ကို အပင်မွေးမြူရေး သို့မဟုတ် ယင်း၏လို့ ပြင်ဆင်

ထားပြီးတော့ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရောင်းချခြင်းဆိုတဲ့ စကားရပ်ကို ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ရောင်းချခြင်းလို့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အောက်က ပုဒ်မ ၂၈(က)(၂)မှာလည်း တိုင်းပြည်များသို့ ဆိုတဲ့ စကားရပ်ကို ပြည်ပနိုင်ငံများသို့လို့ ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁:၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]